## ရည်ရွယ်ချက်

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ရသင့်ရထိုက်သောအခွန်များ အပြည့်အဝရရှိစေရန်အလို့ငှာ စွမ်းရည်ပြည့်ဝသော ဝန်ဆောင်မှုပေးခြင်းဖြင့် အခွန်ဥပဒေများအပေါ် အခွန်ထမ်းလိုက်နာမှု အားကောင်းလာစေရေးနှင့် အခွန်ထမ်းဖြစ်ထိုက်သည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများအားလုံး အခွန်ထမ်းဖြစ်လာစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၌ မှတ်ပုံတင်ထားသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများအတွက် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၉ အရ အခွန်ထမ်းမှတ်ပုံတင်လက်မှတ် ထုတ်ပေးရာတွင် အဆင်ပြေချောမွေ့စေရန်နှင့် အခွန်ထမ်းမှတ်ပုံတင်အမှတ် လျှောက်ထားရာတွင် တစ်ပြေးညီဆောင်ရွက်နိုင်ကြစေရန် ရည်ရွယ်၍ ဤလက်ကမ်းစာစောင်အား ထုတ်ပြန်ရခြင်း ဖြစ်ပါသည်။




## အခွန်ထမ်းမှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း

ကုမ္ပဏီ၊ အဖွဲ့အစည်းများအနေဖြင့် အခွန်ထမ်းမှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းအား အောက်ပါအတိုင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်-

- ❖ **၁-၄-၂၀၂၂ ရက်နေ့မတိုင်မီ** ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် **မှတ်ပုံတင်ထားပြီး** အခွန်ထမ်းမှတ်ပုံတင်အမှတ် (Taxpayer Identification Number) သတ်မှတ်ခြင်း မပြုရသေးသည့် **ကုမ္ပဏီ/ အဖွဲ့အစည်းများဖြစ်**ပါက ၃၀-၆-၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍လည်းကောင်း၊
- ❖ **၁-၄-၂၀၂၂ ရက်နေ့မှစ၍** ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနတွင် မှတ်ပုံတင်ပြီးသည့် ကုမ္ပဏီ/ အဖွဲ့အစည်းများ ဖြစ်ပါက မှတ်ပုံတင်ပြီးသည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း၌ လည်းကောင်း။

## လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့်အထောက်အထားများ

ကုမ္ပဏီ/ အဖွဲ့အစည်းများအနေဖြင့် အခွန်ထမ်းမှတ်ပုံတင်လျှောက်ထားရာတွင် **သတ်မှတ်အခွန်ထမ်းမှတ်ပုံတင်လျှောက်လွှာပုံစံ၊ ပြည်တွင်းအခွန်များဦးစီးဌာန သတင်းအချက်အလက်တောင်းခံလွှာပုံစံ**တို့နှင့်အတူ အောက်ပါ စာရွက်စာတမ်း အထောက်အထားများအား ပူးတွဲလျက် လျှောက်ထားရမည် ဖြစ်ပါသည် -

- ❖ ကိုယ်စားလှယ်ဖြင့် လျှောက်ထားပါက ထိုက်သင့်ရာ တံဆိပ်ခေါင်း ကပ်နှိပ်ထားသည့် ကိုယ်စားလှယ်လွှဲစာ၊
- ❖ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ရရှိသော Company Extract form (မိတ္တူ)၊
- ❖ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများ သို့မဟုတ် သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်း(ရှိပါက) (မိတ္တူ)၊
- ❖ MIC/SEZ ၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါက MIC/ SEZ ခွင့်ပြုမိန့်အထောက်အထား(ရှိပါက) (မိတ္တူ)။

> အခွန်ထမ်းမှတ်ပုံတင်အမှတ် လျှောက်လွှာပုံစံနှင့် သတင်းအချက်အလက်တောင်းခံလွှာပုံစံများအား သက်ဆိုင်ရာအခွန်ရုံးများနှင့် အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (Centralised Taxpayer Service Unit-CTPSU) တွင် Soft Copy ရယူနိုင်ပြီး ပြည်တွင်းအခွန်များ ဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm ၏ Home Page >> Media>> Forms for SAS offices >> အခွန်ထမ်းမှတ်ပုံတင်ပုံစံတွင် Download ရယူနိုင်ပါသည်။

## လျှောက်ထားရမည့်နည်းလမ်း

ကုမ္ပဏီ/ အဖွဲ့အစည်းများအနေဖြင့် အခွန်ထမ်းမှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းအား အောက်ပါနည်းလမ်း(၃)မျိုးဖြင့် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်-

- ❖ လူကိုယ်တိုင်လာရောက်လျှောက်ထားခြင်း၊
- ❖ စာတိုက်မှပေးပို့လျှောက်ထားခြင်း၊
- ❖ အီးမေးလ် (e-mail) ဖြင့် ပေးပို့လျှောက်ထားခြင်း။

- ❖ **လူကိုယ်တိုင်လာရောက်လျှောက်ထားခြင်းဖြစ်ပါက-**
  - ➢ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကုမ္ပဏီ/အဖွဲ့အစည်းများ အနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ထမ်း ဝန်ဆောင်မှုဗဟိုအဖွဲ့ရုံးသို့လည်းကောင်း၊
  - ➢ မန္တလေးတိုင်းဒေသကြီး/ စစ်ကိုင်းတိုင်းဒေသကြီး/ ပြည်ထောင်စုနယ်မြေအတွင်းရှိ ကုမ္ပဏီ/ အဖွဲ့အစည်းများ အနေဖြင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅) သို့လည်းကောင်း၊
  - ➢ အခြားတိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ ကုမ္ပဏီ/ အဖွဲ့ အစည်းများအနေဖြင့် သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူး ရုံးများသို့လည်းကောင်း၊



- ❖ **စာတိုက်မှပေးပို့လျှောက်ထားခြင်းဖြစ်ပါက** အခွန်ထမ်းဝန်ဆောင်မှု ဗဟိုအဖွဲ့ရုံး၊ အမှတ် - ၁၂၈/၁၃၂၊ ဒုတိယထပ်နှင့် တတိယထပ်၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊



- ❖ **အီးမေးလ် (e-mail) ဖြင့် ပေးပို့လျှောက်ထားခြင်းဖြစ်ပါက** အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ (CTPSU)၏ e-mail လိပ်စာ (ctpsuird@gmail.com) သို့ လည်းကောင်း ပေးပို့လျှောက်ထား ရမည် ဖြစ်ပါသည်။



အခွန်ထမ်းမှတ်ပုံတင် လျှောက်လွှာပုံစံနှင့်အတူ ပူးတွဲတင်ပြရမည့် အထောက်အထားများနှင့် သတင်းအချက်အလက် တောင်းခံလွှာပုံစံတို့အား ပြည့်စုံမှန်ကန်မှုမရှိကြောင်း သက်ဆိုင်ရာ အခွန်ရုံးက အကြောင်းကြားလာပါက ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်၍ ပြန်လည်ပေးပို့ရမည် ဖြစ်ပါသည်။

## အခွန်ထမ်းမှတ်ပုံတင်လက်မှတ် (TIN Certificate) ရယူခြင်း

အခွန်ထမ်းမှတ်ပုံတင်လက်မှတ် (TIN Certificate) အား အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (CTPSU) မှ e-mail ပေးပို့ပေးသွားမည် ဖြစ်ပါသည်။ CTPSU မှ ပေးပို့သည့် e-mail လက်ခံရရှိပါက TIN Certificate မူရင်းအား မိမိ အခွန်စည်းကြပ်မှုခံယူသည့် သက်ဆိုင်ရာ အခွန်ရုံးများတွင် သွားရောက်ထုတ်ယူနိုင်မည် ဖြစ်ပါသည်။

## အခွန်ထမ်းမှတ်ပုံတင်အမှတ်(TIN) အား အသုံးပြုခြင်း

ကုမ္ပဏီ/ အဖွဲ့အစည်းများအနေဖြင့် မိမိတို့အား သတ်မှတ်ပေးထားပြီးဖြစ်သည့် အခွန်ထမ်းမှတ်ပုံတင်အမှတ်အား အောက်ပါကိစ္စရပ်များ ဆောင်ရွက်ရာတွင် အသုံးပြုရမည် ဖြစ်ပါသည်-

- ❖ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊
- ❖ အခွန်ပေးဆောင်ခြင်း၊
- ❖ အခွန်ကြေညာလွှာတင်သွင်းခြင်း၊
- ❖ ငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊
- ❖ ကုန်စည်တင်သွင်းခြင်း၊
- ❖ ပို့ကုန်/ သွင်းကုန်လိုင်စင် လျှောက်ထားခြင်း၊
- ❖ တင်ဒါလုပ်ငန်းဆောင်ရွက်ခြင်းများအပါအဝင် လုပ်ငန်းဆောင်ရွက်မှု (Business Transaction)များ ပြုလုပ်ခြင်း။

## ကျေးဇူးတင်လွှာ

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းမှတ်ပုံတင်ခြင်း ကိစ္စရပ်များကို အီလက်ထရောနစ်နည်းလမ်း (e-Registration) ဖြင့် မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ e-Registration စနစ်အား အကောင်အထည်ဖော် ဆောင်ရွက်နေသည့်ကာလအတွင်း ဤလက်ကမ်းစာစောင်ပါ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ရန်ဖြစ်ပြီး ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါသော အခွန်ထမ်းပြည်သူများအား ကျေးဇူးအထူးတင် ရှိပါသည်။





အသေးစိတ်သိရှိလိုပါကအခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး၊ အမှတ်၊ ၁၂၈/၁၃၂ (ဒုတိယထပ်နှင့် တတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ် ၀၁-၈-၃၈၉၃၁၁၊ ၀၁-၈-၃၈၉၃၂၂၊ ၀၁-၈-၃၇၈၃၇၀ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) ၆၅ လမ်း၊၂၂x၂၃ လမ်းကြား၊ ဖုန်းနံပါတ် ၀၂-၄၀၃၀၁၉၂၊ သို့မဟုတ် ပြန်ကြားရေးအဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ် (၄၆)၊ နေပြည်တော်၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၃၃ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## ပုဂ္ဂိုလ်စုအခွန်ထမ်းများအတွက် အခွန်ထမ်းမှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းဆိုင်ရာ သိကောင်းစရာများ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

**Internal Revenue Department**
**Office Building No.(46), Nay Pyi Taw**
**https://www.ird.gov.mm**

**“ Tax by the Law, Service by our Heart ”**